# ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်
# ပညာရေးညီလာခံ ကျင်းပရေးကော်မတီ

## ပြည်သူ့လွှတ်တော်သို့ တင်သွင်းသည့် အမျိုးသားပညာရေးမူဝါဒ (မူကြမ်း)

**နိဒါန်း**

၂၀၁၃ ဇွန်လ ၈-၉ နေ့များတွင် ရန်ကုန်မျက်မမြင်ကျောင်း (ခဲဝဲြံ)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ ပညာရေး ညီလာခံ တစ်ရပ် ကျင်းပခဲ့ပါသည်။ အဆိုပါ ညီလာခံတက်ရောက်သူများမှ ပညာရေးမူဝါဒဆိုင်ရာ အကြံပြုချက်များ တင်သွင်းခဲ့ကြပါသည်။ အကြံပြုချက်များတွင် ပညာရေးမူဝါဒဆိုင်ရာ အခြေခံမူများနှင့် ပညာရေးကဏ္ဍ (၁၃) ခုပါဝင် ပါသည်။ အခြေခံမူများတွင် နိုင်ငံသားအားလုံး၏ တန်းတူအခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနှင့် ပညာရေးဆိုင်ရာ လွတ်လပ် ခွင့်များ ပါဝင်ပါသည်။ ပညာရေး ကဏ္ဍ (၁၃) ခုမှာ

၁။ ကလေးသူငယ်များ၏ရှေးဦးသင်ပညာရေး (Early Childhood Education)
၂။ မသင်မနေရ အခြေခံပညာရေး (မူလတန်းနှင့်အလယ်တန်း)
၃။ အခြေခံ အထက်တန်းပညာရေး
၄။ အဆင့်မြင့်ပညာရေး (Higher Education)
၅။ ကျောင်းပြင်ပ ပညာရေး (Non-formal Education)
၆။ ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိက တက္ကသိုလ်များ
၇။ ဘုန်းတော်ကြီးသင်ကျောင်းများ
၈။ ဘာသာရေးအသင်းအဖွဲ့များမှ ဖွင့်လှစ်သောကျောင်းများ
၉။ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖွင့်လှစ်သော အခမဲ့ပညာဒါနကျောင်းများ
၁၀။ ဆရာ၊ ဆရာမ များ၏ အခန်းကဏ္ဍ
၁၁။ ပညာရေး အထူးလိုအပ်ချက် (Special Educational Needs)
၁၂။ တိုင်းရင်းသားဘာသာစကားသင်ကြားရေး
၁၃။ စစ်ပြေးဒုက္ခသည်နှင့် ရွှေ့ပြောင်းကလေးများ၏ ပညာရေး တို့ဖြစ်ပါသည်။

ပညာရေးညီလာခံတက်ရောက်သူ စုစုပေါင်းမှာ (၁၂၇၄) ဦးဖြစ်ပါသည်။ တိုင်းနှင့်ပြည်နယ် (၁၄) ခုမှ ကိုယ်စား လှယ်များ တက်ရောက်ကြပြီး ဆလုံ၊ ဝ၊ အစရှိသည့် လူမျိုးနွယ်စုများအပါအဝင် တိုင်းရင်းသားလူမျိုးများလည်း စုံစုံညီညီ တက်ရောက်ကြပါသည်။ အတွေ့အကြုံရင့်ကျက်သည့် အငြိမ်းစားပါမောက္ခများ၊ ပညာရှင်များ၊ ဆရာ ဆရာမများ၊ ကျောင်း သား ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာ ပုဂ္ဂိုလ်များ၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် သီလရှင်များ၊ ခရစ်ယာန် ဘုန်းတော်ကြီးများနှင့် သီလရှင်များ၊ ဟိန္ဒူဘာသာနှင့် အစ္စလာမ်ဘာသာမှ ပုဂ္ဂိုလ်များ၊ မသန်စွမ်း သူများ၊ နိုင်ငံရေးပါတီများမှပုဂ္ဂိုလ်များနှင့် ပြည်သူ့လွှတ်တော်ပညာရေး မြှင့်တင်မှုကော်မတီဝင် (၂) ဦး ပါဝင်တက်ရောက် ကြပါသည်။ ညီလာခံကျင်းပရေးအတွက် ကျွေးမွေးရေး၊ သန့်ရှင်းရေး၊ လုံခြုံရေး၊ ဆွေးနွေးပွဲကြီးကြပ်ရေး အစရှိသည့် လုပ်ငန်းများတွင် ပါဝင် ကူညီသူ (၂၀၀) ခန့်လည်း ပါဝင်ပါသည်။

အောက်တွင် ဖော်ပြထားသည့် ပညာရေးမူဝါဒဆိုင်ရာ အခြေခံမူများကို နှလုံးသွင်းလျှက် ပညာရေးကဏ္ဍ (၁၃) ခုတွင် မူဝါဒ ချမှတ်ရန် ဤညီလာခံကြီးမှ အကြံပြုချက်များ ထွက်ပေါ်လာပါသည်။ ဤညီလာခံမတိုင်မီ ၂၀၁၂ အောက်တိုဘာလတွင် မြန်မာနိုင်ငံ ခရစ်ယာန် ဓမ္မတက္ကသိုလ်၊ အင်းစိန်တွင် ကျင်းပခဲ့သည့် ပညာရေးဆွေးနွေးပွဲမှ အစပြု၍ တိုင်းနှင့်ပြည်နယ်အသီးသီးတွင် ပညာရေး ဆွေးနွေးပွဲ စုစုပေါင်း (၂၅) ကြိမ် ကျင်းပခဲ့ပါသည်။ ဒေသဆိုင်ရာ ဆွေးနွေးပွဲများတွင် တက်ရောက်သူ စုစုပေါင်း (၃၂၀၀) ကျော် ရှိပါသည်။ အဆိုပါ ဒေသဆိုင်ရာဆွေးနွေးပွဲများမှ ထွက်ပေါ် လာသောအကြံဉာဏ်များကို ဤညီလာခံကြီးတွင် ပြန်လည်ဆွေးနွေးကြပြီး အမျိုးသားပညာရေးမူဝါဒ (မူကြမ်း) ကို ရေးသားတင်ပြခြင်းဖြစ်ပါသည်။

## ပညာရေးမူဝါဒဆိုင်ရာ အခြေခံမူများ

1. အားလုံးအတွက် ပညာရေး (Education for All) နှင့် လူတိုင်းအတွက် အကျုံးဝင်သောပညာရေး (Inclusive Education) တို့သည် အဓိကကျသော အခြေခံမူများ ဖြစ်သည်။
2. ကျောင်းနေအရွယ်ကလေးနှင့် လူငယ်များအားလုံး (အသက်အရွယ်မရွေး) ပညာသင်ယူရန် အခွင့်အလမ်းညီမျှမှု ရှိရမည်။
3. အရည်အသွေးမြင့်သည့်ပညာကို ပေးနိုင်ရန်အတွက် ဆရာ၊ ဆရာများ၏အရည်အသွေးမြင့်မားအောင် ဆောင်ရွက်မည်။ ဆရာ၊ ဆရာမများ၏ နေထိုင်မှုဘဝကိုလည်း မြင့်မားစေမည်။
4. ကျောင်းသူကျောင်းသားများကို မွေးဖွားရာဒေသကြောင့်သော်လည်းကောင်း၊ နေထိုင်ရာဒေသကြောင့်သော်လည်း ကောင်း၊ လူမျိုးအရသော်လည်းကောင်း၊ ယဉ်ကျေးမှုအရသော်လည်းကောင်း၊ ကိုးကွယ်ယုံကြည်မှုအရသော် လည်းကောင်း၊ လူမှုရေး နောက်ခံအရသော်လည်းကောင်း၊ ဆင်းရဲချမ်းသာ ကွာဟမှုကြောင့်သော်လည်းကောင်း၊ ကျား/မ ကွဲပြားမှုကြောင့်သော်လည်းကောင်း၊ ကိုယ်ခန္ဓာချို့ယွင်းမှုကြောင့်သော်လည်းကောင်း ခွဲခြားခြင်း မရှိစေရ။
5. ပညာသင်ယူရာတွင် အထူးလိုအပ်ချက်ရှိသော ကျောင်းသူ၊ ကျောင်းသားများ ပညာသင်ယူနိုင်ရေးအတွက် အလေးထား ဆောင်ရွက်မည်။
6. နိုင်ငံသားအားလုံး ရာသက်ပန်သင်ယူနိုင်သည့် အခွင့်အလမ်းရှိသည်။
7. ဘာသာရပ်နယ်ပယ်များအားလုံးကို တန်းတူ တန်ဖိုးထားမည်။ (ဝိဇ္ဇာ၊ သိပ္ပံ၊ စိုက်ပျိုးရေးပညာ၊ ဆေးပညာ စသည်…)
8. တက္ကသိုလ်ပညာနှင့် အသက်မွေးဝမ်းကြောင်းပညာများကိုလည်း တန်းတူ တန်ဖိုးထားမည်။
9. ဗဟိုချုပ်ကိုင်မှုမရှိသော ဒေသအလိုက်ဖွံ့ဖြိုးခွင့်ရှိသည့် ပညာရေးကို အကောင်အထည်ဖော်မည်။ ဒေသဆိုင်ရာ လိုအပ်ချက်များ ကိုလည်း ဗဟိုအစိုးရမှ ပံ့ပိုးကူညီမည်။
10. ဆရာ၊ ဆရာမများနှင့် ပညာရှင်များ၏ ပညာရေးလွတ်လပ်ခွင့် (Academic Freedom) ရှိရမည်။ ပညာရေးသုတေသနကို အားပေးမည်။
11. အခြေခံပညာပြီးဆုံးသည့် ကျောင်းသူ၊ ကျောင်းသားများအားလုံး အဆင့်မြင့်ပညာကဏ္ဍတွင် လွတ်လပ်စွာသာဘာရပ်ရွေးချယ် သင်ယူခွင့် ရှိမည်။
12. ပညာရေးမူဝါဒသည် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုကိုဦးတည်သော တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှု များကို ထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းတို့ကို ဦးစားပေးမည်။
13. ပညာရေးသည် ဘာသာရေးအဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်းတို့၏ အယူဝါဒလွှမ်းမိုးမှုမှ ကင်းလွတ်ရမည်။ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်နှင့်လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားမည်။
14. သင်ကြားခြင်း၊ သင်ယူခြင်းတို့တွင် စာကြည့်တိုက်နှင့် သင်ထောက်ကူပစ္စည်းများလုံလောက်စွာ ရှိစေပြီး ခေတ်မီ ကွန်ပျူတာ နည်းပညာများကို အသုံးပြုသင်ကြားမည်။

## ၁။ ကလေးသူငယ်များ၏ ရှေးဦးသင်ပညာရေး (Early Childhood Education)

1. ကလေးသူငယ်များ၏ရှေးဦးသင်ပညာရေးကဏ္ဍအတွက် သန္ဓေသားမှစ၍အသက် (၈) နှစ်အရွယ်အထိ (၀-၈) အထိ သတ်မှတ် မည်။
2. ကလေးသူငယ်များ၏ရှေးဦးသင်ပညာရေးသည် ကလေးများ၏ဘက်စုံဖွံ့ဖြိုးမှု (ကာယဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ဘာသာစကား ဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေးဖွံ့ဖြိုးမှု၊ စာရိတ္တဖွံ့ဖြိုးမှုနှင့် စိတ်ပိုင်းဆိုင်ရာခံစားမှုဖွံ့ဖြိုးမှု) ကို မဏ္ဍိုင်ထားသော သင်ရိုးညွှန်းတမ်းနှင့် သင်ကြား နည်းစနစ်များ ဖြစ်ရမည်။ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်များသည် ကလေးများ၏အသက်အရွယ်၊ သဘာဝ နှင့် ကိုက်ညီရမည်။
3. ကလေးများ၏ မိခင်ဘာသာစကားဖွံ့ဖြိုးမှု (Mother Tongue) ကို အလေးထားသင်ကြားမည်။
4. ကလေးသူငယ်များ၏ ရှေးဦးသင်ပညာရေး သင်ရိုးညွှန်းတမ်းသည် မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းနှင့် အဆက်အစပ်ရှိရမည်။

5. ကလေးသူငယ်များ၏ရှေးဦးသင်ပညာရေးကဏ္ဍကို စီမံခန့်ခွဲကြီးကြပ်ရန်အတွက် ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသော ပညာရှင်များပါဝင်သည့် လွတ်လပ်သော ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းမည်။ ကြီးကြပ်ရေးအဖွဲ့သည် ကလေးသူငယ်များ၏ ရှေးဦးသင်ပညာရေးကျောင်းများ၏ အရည်အသွေးမြှင့်တင်ရန်အတွက်လည်း တာဝန်ရှိသည်။
6. လူမှုဝန်ထမ်းဌာနလက်အောက်ရှိ နေ့ကလေးထိန်းကျောင်းများကို ပညာရေးဝန်ကြီးဌာန၏ ပညာရေးကဏ္ဍတွင် ပါဝင်စေပြီး မူဝါဒများ တပြေးညီဖြစ်စေမည်။
7. ရှေးဦးသင်ပညာရေးတွင် ဆောင်ရွက်မည့်ဆရာ၊ ဆရာမများသည် ကလေးဖွံ့ဖြိုးမှုဆိုင်ရာ ဘာသာရပ်၊ ကလေးစိတ်ပညာ ဘာသာရပ်နှင့် ကလေးများ၏ဘက်စုံဖွံ့ဖြိုးမှုကို နားလည်တတ်ကျွမ်း၊ စိတ်ဝင်စားသောသူများ ဖြစ်ရမည်။
8. ရှေးဦးသင်ပညာရေးမှ ဆရာ၊ ဆရာမများ၏ အခြေခံလစာနှင့် ခံစားခွင့်များသည် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ဆရာ၊ ဆရာမများနှင့် တန်းတူခံစားပိုင်ခွင့်ရှိမည်။ (မှတ်ချက်။ ရှေးဦးသင် ပညာရေးမှ ဆရာ၊ ဆရာမများ၏ လစာကို အခြားဆရာ၊ ဆရာမ များထက် ပိုပေးရန် တင်ပြသူများလည်း ရှိပါသည်။)
9. ရှေးဦးသင်ပညာရေးတွင် မိဘများ၏အခန်းကဏ္ဍနှင့်ပတ်သက်သော ပညာပေးခြင်းအစီအစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာန နှင့် ပူးတွဲလုပ်ဆောင်မည်။

## ၂။ မသင်မနေရ အခြေခံပညာရေး (မူလတန်းနှင့်အလယ်တန်း)

1. မသင်မနေရ အခမဲ့ပညာရေးကို စာသင်နှစ် (၉) နှစ်ထားရှိမည်။ (မှတ်ချက်၊ ကျောင်းဖွဲ့စည်းပုံကို ၅-၄-၃ စနစ်ထားရှိပြီး မူလတန်း (၅) နှစ်နှင့် အလယ်တန်း (၄) နှစ်သည် မသင်မနေရ ပညာရေးဖြစ်သည်။)
2. အသက် (၅) နှစ်ပြည့်ပြီး (၆) နှစ်အတွင်း ဝင်ရောက်သည့်ကလေးများကို မူလတန်း ပထမနှစ် (ပထမတန်း Grade 1) တွင် စတင်လက်ခံမည်။
3. မသင်မနေရ ပညာရေးသည် ကျောင်းသား၊ ကျောင်းသူအားလုံးအတွက် အခမဲ့ဖြစ်ပြီး ဥပဒေဖြင့်ပြဋ္ဌာန်း အကောင်အထည် ဖော်မည်။
4. အခြေခံပညာကျောင်းများကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့ (School Administration Body) ဖြင့် အုပ်ချုပ်မည်။ ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၏ကိုယ်စားလှယ်များ၊ ကျောင်းသားမိဘ ကိုယ်စားလှယ်များ၊ ရပ်ရွာမှ လေးစားယုံကြည်သော ရပ်မိရပ်ဖများ ပါဝင်မည်။
5. ကျောင်းအုပ်ချုပ်ရေးအဖွဲ့သည် ကျောင်းသားလက်ခံခြင်း၊ ဆရာ ဆရာမခန့်ထားခြင်း၊ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း၊ ကျောင်းသားများ၏ သင်ကြားခြင်း သင်ယူခြင်းနှင့် တတ်မြောက်မှုကို စစ်ဆေးခြင်း၊ ဘဏ္ဍာငွေ စီမံခန့်ခွဲခြင်းတို့ကို တာဝန်ယူမည်။
6. ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသော ပညာရှင်များပါဝင်သည့် အခြေခံပညာကျောင်းများ စစ်ဆေးရေး အဖွဲ့ထားရှိမည်။ အဆိုပါစစ်ဆေးရေးအဖွဲ့သည် အခြေခံပညာကျောင်းများ၏ အရည်အသွေးမြင့်မားရေးအတွက် တာဝန်ရှိသည်။
7. ပညာရေးဝန်ကြီးဌာနသည် ကျောင်းများအတွက် ဘဏ္ဍာငွေထောက်ပံ့ခြင်းနှင့် ငွေစာရင်းများစစ်ဆေးရန် တာဝန်ရှိသည်။
8. ပညာရေးဝန်ကြီးဌာနသည် ပညာရေးသုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်မည်။
9. အခြေခံပညာသင်ရိုးညွှန်းတမ်းသည် အမျိုးသားပညာရေးမူဝါဒကို အခြေခံ၍ ပညာရှင်များရေးဆွဲပြီး ပြည်သူ့လွှတ်တော်မှ အတည်ပြုသည့် သင်ရိုးညွှန်းတမ်းလမ်းညွှန်ကို အခြေခံလျှက် ဒေသအလိုက် လွတ်လပ်စွာ ဖွံ့ဖြိုးခွင့်ရှိသည်။
10. သင်ရိုးညွှန်းတမ်းသည် အခြေခံပညာမှ အဆင့်မြင့်ပညာအထိ အတန်းတဆင့်ပြီးတဆင့် အဆက်အစပ်ရှိရမည်။
11. သင်ရိုးညွှန်းတမ်းသည် ကျောင်းသားများဘဝတလျှောက်လုံး အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာ၊ စွမ်းရည်များနှင့် စဉ်းစား တွေးခေါ် မြော်မြင်မှုများ ရရှိစေရမည်။
12. မသင်မနေရ မူလတန်းနှင့် အလယ်တန်းများတွင် အောက်ပါဘာသာ ရပ်များ သင်ကြားမည်။
    - ဘာသာစကားများ (မိခင်ဘာသာစကား၊ ဗမာစာ၊ အင်္ဂလိပ်စာ) [မှတ်ချက်။ မိခင်ဘာသာစကားသည် တိုင်းရင်းသား ဘာသာစကားများကို ရည်ညွှန်းသည်။]
    - သင်္ချာ
    - သဘာဝသိပ္ပံ (သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလည်း ပါဝင်မည်။)

- လူမှုရေးဘာသာရပ်များ (ပထဝီ၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုဆက်ဆံရေး ...) (မှတ်ချက်။ ယဉ်ကျေးမှု ကဏ္ဍတွင် မြန်မာနိုင်ငံသို့ တိုင်းရင်းသားလူမျိုးများရောက်ရှိလာပုံနှင့်ကိုးကွယ်ယုံကြည်သော ဘာသာများ အကြောင်း ပါဝင်မည်။)
- စိုက်ပျိုးရေး၊ စက်မှုနှင့်ဆက်သွယ်ရေးနည်းပညာများ
- ပန်းချီ၊ ဂီတ၊ အနုပညာ
- ပြည်သူ့နီတိ (သို့မဟုတ်) နိုင်ငံသားပညာရေး (Citizenship/ Civic Education)
- ကျန်းမာရေးနှင့်အားကစား (Health Education and Physical Education)

13. ကျောင်းသုံး ဘာသာစကားအတွက် အောက်ပါ မူဝါဒထားရှိမည်။
    - ဒေသအသီးသီးတွင် မူလတန်းအဆင့်၌ အများသဘောတူ ဆုံးဖြတ်သည့်တိုင်းရင်းသား ဘာသာစကားကို ကျောင်းသုံး ဘာသာစကားအဖြစ် အသုံးပြုမည်။ တိုင်းရင်းသား ဘာသာစကားတစ်ခုထက်မကရှိသော ဒေသတွင် သက်ဆိုင်ရာ ကျောင်းအလိုက် ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှ ဆုံးဖြတ်သည့် ဘာသာစကားကို ကျောင်းသုံး ဘာသာစကားအဖြစ် အသုံးပြုမည်။
    - ဗမာစကားမဟုတ်သော အခြားတိုင်းရင်သားဘာသာစကားတစ်ခုခုကို ကျောင်းသုံးဘာသာအဖြစ် အသုံးပြု သော မူလတန်းကျောင်းများတွင် ဗမာစာနှင့်အင်္ဂလိပ်စာကို ဘာသာရပ်တစ်ခုစီအနေဖြင့် သင်ကြားမည်။
    - အလယ်တန်းအဆင့်တွင် ဒေသအလိုက်ရွေးချယ်သည့် တိုင်းရင်းသားဘာသာစကားနှင့် ဗမာဘာသာစကားနှစ်မျိုး (bi-lingual) အသုံးပြုမည်။ အင်္ဂလိပ်စာကို ဘာသာရပ်တစ်ခုအဖြစ် သင်ကြားမည်။
    - ဒေသသုံးဘာသာစကားကို သင်ကြားပေးမည့် ဆရာ၊ ဆရာမများကို လေ့ကျင့်မွေးထုတ်ရန် အထူးဦးစားပေး ဆောင်ရွက်မည်။
14. အခြေခံပညာ ကဏ္ဍအသီးသီးတွင် အထူးလေ့ကျင့်သင်ကြားပြီးသော အရည်အသွေးမြင့်မားသည့် ဆရာ၊ ဆရာမများဖြင့် သင်ကြားမည်။ (မှတ်ချက်။ ဆရာ၊ ဆရာမ၏အရည်အချင်းနှင့် အလုပ်လျှောက်ထားခြင်း၊ ခန့်အပ်ခြင်းဆိုင်ရာကိစ္စများကို ဆရာ၊ ဆရာမများကဏ္ဍတွင် ဖော်ပြထားပါသည်။)
15. ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူတစ်ဦးစီ၏ သင်ယူမှုစွမ်းရည်အလိုက် ထိရောက်သောသင်ယူမှုဖြစ်ရန် ဦးဆောင်လမ်းညွှန်မည်။
16. သင်ကြားနည်းစနစ်သည် အလွတ်ကျက်မှတ်သည့်နည်းကို အားမပေးဘဲ ဆရာ၊ ဆရာမများ၏ ဦးဆောင်ပံ့ပိုးမှုဖြင့် ကျောင်းသားကိုယ်တိုင် အားထုတ်သင်ယူခြင်း (စူးစမ်းလေ့လာသင်ယူခြင်း) နှင့် ဝေဖန်ပိုင်းခြားစဉ်းစားသည့် နည်းများကို အသုံးပြုမည်။
17. စာသင်ခန်းများတွင် ထိရောက်သောသင်ယူမှုဖြစ်စေရန် ဆရာ၊ ကျောင်းသားအချိုးမျှတအောင်ထားရှိမည်။
18. အတန်းအရေအတွက်နှင့် လျော်ညီစွာ လုံလောက်သော ဆရာ၊ ဆရာမ ဦးရေထားရှိမည်။
19. ကျောင်းသား၊ ကျောင်းသူများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ခွင့်ရှိသည်။ အယူအဆများသည် အမှန်၊ အမှားသတ်မှတ်ချက်ထက် ကျိုးကြောင်းဆီလျော်မှုကို ဦးစားပေးမည်။
20. စစ်ဆေးခြင်းများသည် ကျောင်းသား၊ ကျောင်းသူများ၏သင်ယူမှုကို အားပေးသည့်နည်းစနစ်များ အသုံးပြုမည်။
21. မူလတန်းနောက်ဆုံးနှစ်နှင့် အလယ်တန်းနောက်ဆုံးနှစ်များတွင် နိုင်ငံလုံးဆိုင်ရာ စာမေးပွဲကျင်းပမည်။ အဆိုပါ စာမေးပွဲများသည် ကျောင်းသားများ၏ အောင်၊ ရှုံးနှင့် မသက်ဆိုင်ဘဲ ကျောင်းများ၏စီမံခန့်ခွဲမှုနှင့် သင်ကြားမှု အရည်အသွေးကို စစ်ဆေးအကဲဖြတ်ရန် ဖြစ်သည်။
22. အခြေခံပညာအဆင့်အသီးသီးတွင် ကျောင်းသူ၊ ကျောင်းသားများစာမေးပွဲကျရှုံးခြင်း မရှိစေရ။ အတန်းအဆင့်အသီးသီးတွင် ဘာသာရပ်အားလုံး၊ သင်ခန်းစာအားလုံး သင်ယူတတ်မြောက်ပြီးဖြစ်ရမည်။ (မှတ်ချက်။ ကျောင်းသားများ "စာမေးပွဲကျ ရှုံးခြင်းမရှိစေရ" ဆိုသည့်အချက်ကို ညီလာခံတွင် ဝေဖန်ထောက်ပြသူတချို့ ရှိပါသည်။ အတန်းချစနစ်မရှိသော်လည်း ကျောင်းသားများ စာမတတ်ဘဲ အတန်းတက်သည့်စနစ်မျိုးမဟုတ်ပါ။ ကျောင်းသား အားလုံးတတ်မြောက်ရန် ကျွမ်းကျင်သည့် ဆရာ၊ ဆရာမများဖြင့် သင်ကြားမည်။ စစ်ဆေးခြင်းနှင့်ပတ်သက်၍ထပ်မံလေ့လာရန်နှင့် ညှိနှိုင်းဆွေးနွေးရန် လိုအပ်ပါသည်။)
23. စာသင်ကျောင်းနှင့်ဝေးကွာလှမ်းသည့် အရပ်ဒေသတွင် နေထိုင်သည့် ကလေးများအတွက် ရွေ့လျား ဆရာ၊ ဆရာမများ (Mobile Teachers) ကို သက်ဆိုင်ရာ ဒေသ၏ပညာရေးဌာနမှ တာဝန်ယူ စေလွှတ်သင်ကြားပေးမည်။
24. အခြေခံပညာကျောင်းများတည်ဆောက်ရာတွင် မသန်စွမ်းသူများအဆင်ပြေစေရေးအတွက် ထည့်သွင်းစဉ်းစား တည်ဆောက် မည်။

## ၃။ အခြေခံ အထက်တန်း ပညာရေး

အခြေခံ အထက်တန်းပညာကို စာသင်နှစ် (၃) နှစ်ထားရှိမည်။ အခြေခံအထက်တန်းပညာ အဆင့်တွင် တက္ကသိုလ် အကြို အခြေခံအထက်တန်းပညာနှင့် အခြေခံအသက်မွေးဝမ်းကြောင်းပညာဟူ၍ လမ်းကြောင်းနှစ်ခု ပါဝင်မည်။ နိုင်ငံတော် ဘဏ္ဍာဖြင့် ဖွင့်လှစ်သည့်အခြေခံအထက်တန်းကျောင်းအားလုံး အခမဲ့ဖြစ်ရမည်။

### ၃(က)။ တက္ကသိုလ် အကြို အခြေခံ အထက်တန်းပညာရေး

1. မသင်မနေရ အခြေခံပညာအလယ်တန်းအဆင့် ပြီးဆုံးသူများသည် တက္ကသိုလ်အကြို အခြေခံအထက်တန်းတွင် တက်ရောက် သင်ယူခွင့် ရှိသည်။
2. အခြေခံအထက်တန်းကျောင်းများကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့(School Administration Body) ဖြင့်အုပ်ချုပ်မည်။ ကျောင်း အုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းအုပ်၊ ဆရာ ဆရာမများကိုယ်စားလှယ်နှင့် ကျောင်းသားမိဘ ကိုယ်စားလှယ်၊ ရပ်ရွာမှ လေးစား ယုံကြည်သော ရပ်မိ ရပ်ဖများ ပါဝင်မည်။
3. ကျောင်းအုပ်ချုပ်ရေးအဖွဲ့သည် ကျောင်းသားလက်ခံခြင်း၊ ဆရာ၊ ဆရာမ ခန့်ထားခြင်း၊ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း၊ သင်ကြားခြင်း၊ သင်ယူခြင်း၊ ကျောင်းသားများ၏ တတ်မြောက်မှုစစ်ဆေးခြင်းနှင့် ဘဏ္ဍာငွေ စီမံခန့်ခွဲခြင်းတို့ကို တာဝန်ယူမည်။
4. ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသော ပညာရှင်များပါဝင်သည့် အခြေခံပညာကျောင်းများစစ်ဆေးရေး အဖွဲ့ ထားရှိမည်။ အဆိုပါစစ်ဆေးရေးအဖွဲ့သည် အခြေခံပညာကျောင်းများ၏ အရည်အသွေးမြင့်မားရေးအတွက် တာဝန် ရှိသည်။
5. ပညာရေးဝန်ကြီးဌာနသည် ကျောင်းများကိုဘဏ္ဍာငွေထောက်ပံ့ခြင်းနှင့်ငွေစာရင်းစစ်ဆေးရန် တာဝန်ရှိသည်။
6. ပညာရေးဝန်ကြီးဌာနသည် သုတေသနလုပ်ငန်းကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်မည်။
7. အခြေခံအထက်တန်း သင်ရိုးညွှန်းတမ်းသည် အမျိုးသားပညာရေးမူဝါဒကို အခြေခံ၍ ပညာရှင်များရေးဆွဲပြီး ပြည်သူ့ လွှတ်တော်မှအတည်ပြုသည့် သင်ရိုးညွှန်းတမ်းလမ်းညွှန်ကို အခြေခံလျှက် ဒေသအလိုက် လွတ်လပ်စွာ ဖွံ့ဖြိုးခွင့် ရှိသည်။
8. တက္ကသိုလ်အကြိုအခြေခံ ပထမနှစ် (Grade 10) နှင့် ဒုတိယနှစ် (Grade 11) တို့တွင် အောက်ပါဘာသာရပ်များ သင်ကြား မည်။
    - ဘာသာစကားများ (ဗမာစာ နှင့် အင်္ဂလိပ်စာ)
    - သင်္ချာ
    - ကွန်ပျူတာ နည်းပညာ
    - အထွေထွေသိပ္ပံ (ရူပဗေဒ၊ ဓါတုဗေဒ၊ ဇီဝဗေဒ၊ ဘူမိဗေဒ)
    - လူမှုရေး (ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ၊ ယဉ်ကျေးမှု၊ လူမှုဆက်ဆံရေး) မှတ်ချက်။ ယဉ်ကျေးမှုကဏ္ဍတွင် မြန်မာနိုင်ငံသို့ တိုင်းရင်းသားလူမျိုးများရောက်ရှိလာပုံနှင့် ကိုးကွယ်ယုံကြည်သော ဘာသာများအကြောင်း ပါဝင် မည်။
    - ပြည်သူ့နီတိ (သို့မဟုတ်) နိုင်ငံသားပညာ (Citizenship/ Civic Education) မှတ်ချက်။ နိုင်ငံသားပညာ တွင် အခြေခံ ဥပဒေ၊ နိုင်ငံရေးသိပ္ပံ၊ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဘာသာရပ်များ ပါဝင်မည်။
    - ကျန်းမာရေးနှင့်အားကစား (ကျန်းမာရေးပညာတွင် Sex-Education ပါဝင်မည်။)
    - ကျောင်းသားအသင်းအဖွဲ့ (Student Council)
9. တက္ကသိုလ်အကြို အခြေခံ တတိယနှစ် (Grade 12) တွင်အောက်ပါဘာသာတွဲများကို စိတ်ကြိုက်ရွေးချယ် သင်ယူနိုင် သည်။
    - ဘာသာတွဲ (၁) ဗမာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဘူမိဗေဒ၊ နိုင်ငံရေးသိပ္ပံနှင့် ကျောင်းသားအသင်းအဖွဲ့
    - ဘာသာတွဲ (၂) ဗမာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ နိုင်ငံရေးသိပ္ပံနှင့် ကျောင်းသားအသင်းအဖွဲ့
    - ဘာသာတွဲ (၃) ဗမာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စာရင်းကိုင်ပညာ၊ ဘောဂဗေဒ၊ လူမှုရေးဘာသာများ၊ နိုင်ငံရေးသိပ္ပံ နှင့် ကျောင်းသားအသင်းအဖွဲ့
    - ဘာသာတွဲ (၄) ဗမာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ အခြေခံဥပဒေ၊ နိုင်ငံတကာဆက်ဆံရေး၊ လူမှုရေးဘာသာများ၊ နိုင်ငံ ရေးသိပ္ပံနှင့် ကျောင်းသားအသင်းအဖွဲ့

10. အခြေခံပညာ အထက်တန်းအဆင့်တွင် ကျောင်းသင်ခန်းစာများကို ဗမာစာနှင့် အင်္ဂလိပ်စာ တွဲဖက် (bi-lingual) အသုံးပြုမည်။ စာမေးပွဲဖြေဆိုရာတွင် နှစ်သက်ရာဘာသာဖြင့် ဖြေဆိုနိုင်သည်။ အင်္ဂလိပ်စာကို လက်တွေ့ အသုံးချရန်နှင့် အဆင့်မြင့်ဘာသာ ရပ်များ သင်ယူနိုင်သည်အထိ အဆင့်မြှင့်သင်ကြားမည်။
11. အခြေခံပညာကဏ္ဍအသီးသီးတွင် အထူးလေ့ကျင့်သင်ကြားပြီးသော အရည်အသွေးမြင့်မားသည့် ဆရာ၊ ဆရာမများဖြင့် သင်ကြားမည်။ (မှတ်ချက်။ ဆရာ၊ ဆရာမများ၏ အရည်အချင်းနှင့် အလုပ်လျှောက်ထားခြင်း၊ ခန့်အပ်ခြင်းဆိုင်ရာ ကိစ္စများကို ဆရာ၊ ဆရာမများကဏ္ဍတွင် ဖော်ပြထားပါသည်။)
12. ဆရာ၊ ဆရာမ များသည် ကျောင်းသား၊ ကျောင်းသူတစ်ဦးစီ၏ သင်ယူမှုစွမ်းရည်အလိုက် ထိရောက်သော သင်ယူမှုဖြစ်ရန် ဦးဆောင်လမ်းညွှန်မည်။
13. သင်ကြားနည်းစနစ်သည် အလွတ်ကျက်မှတ်သည့်နည်းကို အားမပေးဘဲ ဆရာ၊ ဆရာမများ၏ဦးဆောင် ပံ့ပိုးမှုဖြင့် ကျောင်းသား ကိုယ်တိုင်အားထုတ်သင်ယူခြင်း (စူးစမ်းလေ့လာသင်ယူခြင်း) နှင့် ဝေဖန်ပိုင်းခြားစဉ်းစားသည့် နည်းစနစ်များကို အသုံးပြုမည်။
14. စာသင်ခန်းများတွင် ထိရောက်သော သင်ယူမှုဖြစ်စေရန် ဆရာ၊ ကျောင်းသားအချိုးမျှတအောင်ထားရှိမည်။
15. အတန်းအရေအတွက်နှင့် လျော်ညီစွာ လုံလောက်သော ဆရာ၊ ဆရာမ ဦးရေထားရှိမည်။
16. ကျောင်းသား၊ ကျောင်းသူများ၏ ထင်မြင်ယူဆချက်များလွတ်လပ်စွာထုတ်ဖော်ခွင့်ရှိသည်။ အယူအဆများသည် အမှန်၊ အမှား သတ်မှတ်ချက်ထက် ကျိုးကြောင်းဆီလျော်မှုကို ဦးစားပေးမည်။
17. စစ်ဆေးခြင်းများသည် ကျောင်းသား၊ ကျောင်းသူများ၏သင်ယူမှုကို အားပေးသည့်နည်းစနစ်များ အသုံးပြုမည်။
18. အခြေခံအထက်တန်းပညာပြီးဆုံးသည်အထိ စာမေးပွဲကျရှုံးခြင်း မရှိစေရ။ အတန်းအဆင့်အသီးသီးတွင် ဘာသာရပ်အားလုံး၊ သင်ခန်းစာအားလုံး သင်ယူတတ်မြောက်ပြီး ဖြစ်ရမည်။ (မှတ်ချက်။ ကျောင်းသားများ "စာမေးပွဲကျရှုံးခြင်း မရှိစေရ" ဆိုသည့် အချက်ကို ညီလာခံတွင် ဝေဖန်ထောက်ပြသူ တချို့ရှိပါသည်။ အတန်းချစနစ်မရှိသော်လည်း ကျောင်းသားများ စာမတတ်ဘဲ အတန်းတက်သည့်စနစ်မျိုးမဟုတ်ပါ။ ကျောင်းသား အားလုံးတတ်မြောက်ရန် ကျွမ်းကျင်သည့် ဆရာ၊ ဆရာမများဖြင့် သင်ကြားမည်။ စစ်ဆေးခြင်းနှင့်ပတ်သက်၍ထပ်မံလေ့လာရန်နှင့် ညှိနှိုင်း ဆွေးနွေးရန် လိုအပ်ပါသည်။)
19. တက္ကသိုလ်အခြေခံပညာ နောက်ဆုံးနှစ်တွင် နိုင်ငံလုံးဆိုင်ရာ စာမေးပွဲကျင်းပမည်။ ဘာသာရပ်အသီးသီးတွင် ဖြေဆိုနိုင်သည့် အဆင့်အလိုက် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးမည်။ အဆိုပါလက်မှတ်သည် အခြေခံ အထက်တန်း ပြီးဆုံးကြောင်း အထောက်အထားဖြစ်ပြီး တက္ကသိုလ်ဝင်ခွင့်အတွက်လည်း လိုအပ်ချက်ဖြစ်သည်။
20. တက္ကသိုလ်ဝင်ခွင့်ကို သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးမှ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

**၃(ခ)။ အခြေခံ အထက်တန်းအသက်မွေးဝမ်းကြောင်းပညာရေး**

1. မသင်မနေရ အခြေခံအလယ်တန်း ပြီးဆုံးသူများသည် အခြေခံပညာအထက်တန်းအဆင့်တွင် အခြေခံအသက်မွေး ဝမ်းကြောင်း ပညာရေးနှင့် တက္ကသိုလ်အကြို အခြေခံအထက်တန်းပညာဟူ၍ လမ်းကြောင်းနှစ်ခုအနက် နှစ်သက်ရာကို ရွေးချယ်နိုင်သည်။
2. ကျောင်းသူ၊ ကျောင်းသားများ ဘာသာရပ်ရွေးချယ်ရာတွင် အကြံပေးမည့်ဆရာ၊ ဆရာမများကိုလည်း ကျောင်းများတွင် ခန့်အပ် ထားရှိမည်။
3. အခြေခံအထက်တန်းအသက်မွေးဝမ်းကြောင်းပညာ စာသင်နှစ် (၃) နှစ်အတွင်းသဘောတရားနှင့် လက်တွေ့ ပေါင်းစပ်သင်ကြား မည်။
    - ပထမနှစ်တွင် သဘောတရားနှင့်ကျောင်းတွင်းလက်တွေ့ဘာသာရပ် သင်ကြားမည်။
    - ဒုတိယနှစ်တွင် စာသင်ချိန်တစ်ပတ်လျှင် ကျောင်းတွင်းစာသင်ရက် (၃) ရက်နှင့် လုပ်ငန်းခွင်လက်တွေ့ သင်တန်း (၂) ရက် သင်ကြားမည်။
    - တတိယနှစ်တွင် သက်ဆိုင်ရာဘာသာရပ်များနှင့်သက်ဆိုင်သည့် အစိုးရဌာန (သို့မဟုတ်) ကုမ္ပဏီများတွင် အလုပ်သင် အဖြစ် သွားရောက်သင်ယူမည်။
4. ကျောင်းသုံးဘာသာစကား (ဗမာ သို့မဟုတ် အင်္ဂလိပ်) ကို သက်ဆိုင်ရာကျောင်းမှ ကျောင်းသားများ၏ လိုအပ်ချက်နှင့်အညီ ရွေးချယ် အသုံးပြုနိုင်သည်။ အင်္ဂလိပ်စာကို လက်တွေ့အသုံးချနိုင်သည်အထိ အဆင့်မြှင့်သင်ကြားမည်။
5. ကွန်ပျူတာနည်းပညာကို ကျောင်းသားတိုင်းသင်ယူတတ်မြောက်စေမည်။

6. အခြေခံအထက်တန်း အသက်မွေးဝမ်းကြောင်းပညာတွင် အောက်ပါဘာသာရပ်များကို ရွေးချယ်နိုင်ပြီး ကျွမ်းကျင်သည့် ဆရာ များဖြင့် သင်ကြားမည်။

- ○ စိုက်ပျိုးရေး
- ○ စက်မှုလက်မှု
- ○ ဆောက်လုပ်ရေး
- ○ ပန်းချီ၊ ဒီဇိုင်း
- ○ လျှပ်စစ်
- ○ စာရင်းကိုင်ပညာ
- ○ သတင်းနည်းပညာ
- ○ လူမှုစောင့်ရှောက်ရေး (Social Care)
- ○ မွေးမြူရေးနှင့်ငါးလုပ်ငန်း
- ○ စားသောက်ကုန်နှင့်စားသောက်ဆိုင်လုပ်ငန်း
- ○ ဟိုတယ်နှင့်ခရီးသွားလာရေး
- ○ သဘင်၊ ဂီတ၊ အနုပညာ (Theatre Arts)
- ○ အခြားအသက်မွေးဝမ်းကြောင်းပညာများ

(မှတ်ချက်။ အခြေခံ အသက်မွေးဝမ်းကြောင်းဘာသာရပ်တွင် ဒေသဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင်လိုအပ်သည့် နည်းပညာများ ကို ဦးစားပေး သင်ကြားမည်။)

7. အခြေခံအထက်တန်း အသက်မွေးဝမ်းကြောင်းပညာ (၃) နှစ်ပြီးဆုံးသူများသည် သက်ဆိုင်ရာအလုပ်နေရာများကို လျှောက်ထားရန်နှင့် အဆင့်မြင့် အသက်မွေးဝမ်းကြောင်းပညာများ ဆက်လက်ဆည်းပူးနိုင်ရန် အသိအမှတ်ပြု လက်မှတ်များရရှိမည်။
8. အခြေခံအထက်တန်း အသက်မွေးဝမ်းကြောင်းပညာကဏ္ဍ၏ အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုသည် တက္ကသိုလ်အခြေခံ အထက်တန်း ကျောင်းများနည်းတူပင် ဖြစ်သည်။

## **၄။ အဆင့်မြင့်ပညာရေး (Higher Education)**

1. အဆင့်မြင့်ပညာရေးကဏ္ဍသည် တက္ကသိုလ်ပညာနှင့် အသက်မွေးဝမ်းကြောင်းပညာများ သင်ကြားသော တက္ကသိုလ်၊ ကောလိပ် များ ဖြစ်သည်။
2. တက္ကသိုလ်နှင့်ကောလိပ်များသည် ဝန်ကြီးဌာနအသီးသီး၏ တိုက်ရိုက်အုပ်ချုပ်မှုမှကင်းလွတ်၍ တက္ကသိုလ် အုပ်ချုပ်ရေးကောင်စီ မှ စီမံခန့်ခွဲခွင့်ရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တက္ကသိုလ်နှင့်ကောလိပ်များ ဖြစ်ရမည်။
3. တက္ကသိုလ်များသည် ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်များအပြင် စိုက်ပျိုးရေး၊ စက်မှုလက်မှု၊ ဆေးပညာ၊ စီးပွားရေး၊ ပညာရေး အစရှိသည့် ဘာသာရပ်စုံလင်စွာ သင်ကြားသော တက္ကသိုလ်များထူထောင်မည်။
4. စစ်တက္ကသိုလ် ဗိုလ်လောင်းများသည် ပထဝီ၊ သမိုင်း၊ သိပ္ပံ အစရှိသည့် ဘာသာရပ်များကို အများတက်ရောက်သည့် တက္ကသိုလ်များတွင် သင်ယူပြီး စစ်ပညာနှင့်စစ်ဆင်ရေးဘာသာရပ်များကို စစ်တပ်အတွင်း၌ သင်ကြားမည်။
(မှတ်ချက်။ ဤအချက်နှင့် ပတ်သက်၍ သဘောမတူသူ အချို့ရှိပါသည်။ သဘောတူသူများလည်း ရှိပါသည်။)
5. စစ်တက္ကသိုလ်မှအပ အခြားတက္ကသိုလ်ကောလိပ်များသည် ပညာရေးဝန်ကြီးဌာနနှင့်သာ သက်ဆိုင်စေရမည်။ ပညာရေး ဝန်ကြီးဌာန၏တာဝန်သည် ဘဏ္ဍာငွေထောက်ပံ့ရေး၊ ငွေစာရင်းစစ်ဆေးရေး၊ သင်ရိုးညွှန်းတမ်း အရည်အသွေး မြင့်မားရေး၊ ဆရာ၊ ဆရာမ များ၏ အရည်အချင်းမြင့်မားရေး၊ ဘွဲ့ဒီဂရီများ၏ အရည်အသွေးမြင့်မားရေးကို ပံ့ပိုးကူညီ ဆောင်ရွက်မည်။
6. တက္ကသိုလ်နှင့်ကောလိပ်အုပ်ချုပ်ရေးကောင်စီတွင် ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး ဆိုင်ရာတာဝန် ရှိသူများ၊ တက္ကသိုလ်ကောလိပ် ဆရာ၊ ဆရာမများ၏ ကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်များ၊ နိုင်ငံဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များနှင့် ပညာရှင်များ ပါဝင်ဖွဲ့စည်းမည်။
7. တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီသည် တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို တာဝန်ခံသူများဖြစ်သည်။ တက္ကသိုလ်ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေးကိုလည်း ဆောင်ရွက်မည်။

8. တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၏ ဘဏ္ဍာရေးနှင့် တက္ကသိုလ်အရည်အသွေး မြင့်မားရေးဆိုင်ရာ စစ်ဆေးမှုများကို ခံယူရမည်။
9. တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီသည် ကျောင်းသား လက်ခံရေး၊ ဆရာ၊ ဆရာမများ ခန့်ထားရေး၊ သင်ရိုးညွှန်းတမ်းရေးဆွဲရေး၊ သင်ကြားရေး၊ ကျောင်းသားများ၏ တတ်မြောက်မှုစစ်ဆေးရေး၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် ကျောင်းသား အဆောင်များ အတွက် တာဝန်ယူဆောင်ရွက်မည်။
10. တက္ကသိုလ်၊ ကောလိပ်တို့၏ ဘာသာရပ်ဆိုင်ရာ ဌာနအသီးသီးသည် သင်ရိုးညွှန်းတမ်းများ ကိုယ်တိုင်ရေးဆွဲမည်။ အဆိုပါ သင်ရိုးညွှန်းတမ်းများသည် ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် ပညာရှင်များဖြင့်ဖွဲ့စည်းထားသော လွတ်လပ်သည့် တက္ကသိုလ်အရည်အသွေးမြှင့်တင်ရေးအဖွဲ့၏ အတည်ပြုချက်ရရှိရမည်။
11. တက္ကသိုလ်အသီးသီးတွင် ပထမဘွဲ့အတွက် (၄) နှစ်၊ မဟာဘွဲ့အတွက် (၂) နှစ် နှင့် ပါရဂူဘွဲ့အတွက် (၄) နှစ် အနည်းဆုံး ပါရှိရ မည်။ သို့ရာတွင် ဘာသာရပ်အလိုက် လိုအပ်ချက်အရ စာသင်နှစ်ကို တိုးချဲ့နိုင်သည်။
12. တက္ကသိုလ်သုံးဘာသာစကားကို သက်ဆိုင်ရာ တက္ကသိုလ်ကောလိပ် အုပ်ချုပ်ရေးကောင်စီမှ ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။ (ဥပမာ - အင်္ဂလိပ်ဘာသာဖြင့်သင်ကြားသည့် တက္ကသိုလ်၊ ဗမာဘာသာဖြင့် သင်ကြားသည့် တက္ကသိုလ်၊ ဗမာနှင့် အင်္ဂလိပ် နှစ်ဘာသာသုံး (bi-lingual) တက္ကသိုလ်)
13. တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအားလုံးသည် သက်ဆိုင်ရာဘာသာရပ်တွင် အနိမ့်ဆုံးမဟာဘွဲ့ ရရှိပြီး၊ သင်ကြားနည်း စနစ်ဆိုင်ရာ သင်တန်းများလည်း တက်ရောက်ပြီးသူ ဖြစ်ရမည်။
14. ဘာသာရပ်ဆိုင်ရာအကြီးအကဲနှင့် ပါမောက္ခများသည် သက်ဆိုင်ရာဘာသာရပ်တွင် ပါရဂူဘွဲ့ရရှိပြီး သင်ကြားရေးအတွေ့အကြုံ ရှိသူများဖြစ်ရမည်။ ပညာရေးသုတေသနနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံရှိသူလည်း ဖြစ်ရမည်။ (မှတ်ချက်။ ပါမောက္ခ တာဝန်ထမ်းဆောင်ရန် လိုအပ်သည့်သင်ကြားရေးအတွေ့အကြုံ နှစ်ကန့်သတ်ချက်အပေါ် ကွဲပြားသော တင်ပြချက်များလည်း ရှိသည်။ တချို့က (၅) နှစ်၊ တချို့က (၇) နှစ်၊ တချို့က (၁၀) နှစ်သတ်မှတ်ရန် တင်ပြကြသည်။)
15. တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီသည် ဆရာ၊ ဆရာမ များ၏ အရည်အသွေးမြှင့်တင်ရေးကိုလည်း ဆောင်ရွက်မည်။
16. တက္ကသိုလ်ကောလိပ် ဆရာ၊ ဆရာမများ၏ လစာနှုန်းထားကို သက်ဆိုင်ရာ တက္ကသိုလ်၏ အုပ်ချုပ်ရေးကောင်စီမှ ဆုံးဖြတ် ပိုင်ခွင့်ရှိသည်။
17. တက္ကသိုလ်ပညာရေးသည် သုတေသနပြု၍ လေ့လာသင်ယူမှုကို အခြေခံမည်။ သုတေသနအတွက် လိုအပ်သည့် စာအုပ်၊ စာတမ်းများကို တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူစုဆောင်းမည်။
18. တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီသည် စာကြည့်တိုက်မှူးကိုခန့်အပ်တာဝန်ပေးပြီး စာကြည့်တိုက်မှူးသည် တက္ကသိုလ် အုပ်ချုပ်ရေး ကောင်စီတွင် အဖွဲ့ဝင်ဖြစ်ရမည်။
19. တက္ကသိုလ်၊ ကောလိပ်များသည် သုတေသနလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိ၍ သုတေသနတွေ့ရှိချက်များကိုလည်း လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိသည်။
20. တက္ကသိုလ်ကောလိပ်အသီးသီးသည် ပြည်တွင်းပြည်ပ အသိအမှတ်ပြုတက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာကိစ္စများ အတွက် လွတ်လပ်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ခွင့် ရှိသည်။
21. ကျောင်းသားများ၏ သင်ယူမှုအပေါ် စစ်ဆေးခြင်းသည် ကျက်/ဖြေ စစ်ဆေးခြင်း မဖြစ်စေရ။ ကျောင်းသားများ၏ လက်တွေ့ လုပ်ဆောင်ချက်အပေါ် စစ်ဆေးခြင်း၊ လေ့လာတွေ့ရှိမှုအပေါ် စစ်ဆေးခြင်း၊ သုတေသနလုပ်ငန်းများတွင် စစ်ဆေးခြင်း ပြုမည်။
22. ဘွဲ့ယူစာတမ်း စစ်ဆေးခြင်းကို အခြားအသိအမှတ်ပြုတက္ကသိုလ်နှင့် တွဲဖက်ပြုလုပ်မည်။
23. တက္ကသိုလ်၊ ကောလိပ်တို့၏ အရည်အသွေးကို ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် ပညာရှင်များဖြင့်ဖွဲ့စည်းထားသော လွတ်လပ်သည့် တက္ကသိုလ်အရည်အသွေးမြှင့်တင်ရေးအဖွဲ့မှ စစ်ဆေးအကဲဖြတ်မည်။
24. ကျောင်းသူ၊ ကျောင်းသားများသည် ကျောင်းသားသမဂ္ဂအပါအဝင် အားကစား၊ အနုပညာ၊ ယဉ်ကျေးမှု အစရှိသည့် အသင်း အဖွဲ့များ ကို လွတ်လပ်စွာ ဖွဲ့စည်းပိုင်ခွင့်ရှိသည်။
25. တက္ကသိုလ်၊ ကောလိပ်များသည် ပညာသင်ယူမှုကို အားပေး၍ ဘေးအန္တရာယ်လုံခြုံမှုရှိသော ဝန်းကျင်များဖြစ်ရမည်။

26. တက္ကသိုလ်၊ ကောလိပ် ပရဝုဏ်အတွင်း ကျောင်းသားအဆောင်များ ထားရှိမည်။ ရပ်ဝေးမှကျောင်းသား၊ ကျောင်းသူများကို ဦးစားပေးမည်။
27. တက္ကသိုလ်ပညာသင်ဆုနှင့် ကျောင်းစရိတ်အတွက် ဘဏ်မှငွေထုတ်ချေးသည့်စနစ်များထားရှိမည်။ အချိန်ပိုင်းအလုပ်လုပ်ခွင့်ကို တပတ်လျှင် (၁၈) နာရီအထိ ခွင့်ပြုမည်။
28. တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများသည် ဆရာသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းပိုင်ခွင့်ရှိသည်။
29. ဆရာ၊ ဆရာမ များနှင့် ဥပဒေအရ အရွယ်ရောက်ပြီးသော ကျောင်းသူ၊ ကျောင်းသားများသည် နစ်သက်ရာနိုင်ငံရေးပါတီ များသို့ ဝင်ရောက်ခွင့်ရှိသည်။ အယူအဆကွဲပြားမှုများအပေါ် အပြန်အလှန်လေးစားမှုရှိရမည်။
30. ဆရာ၊ ဆရာမများအပေါ် ကျောင်းသူ၊ ကျောင်းသားများ၏ အကဲဖြတ်မှုများကို တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီမှ ထည့်သွင်း စဉ်းစားမည်။
31. အခြေခံပညာအထက်တန်းပြီးဆုံးအောင် သင်ကြားပြီးသူတိုင်း အဆင့်မြင့်ပညာ (တက္ကသိုလ်၊ ကောလိပ်) တွင် နစ်သက်ရာ ဘာသာရပ်ကို လျှောက်ထားပိုင်ခွင့် ရှိသည်။ တက္ကသိုလ်မှ ကျင်းပသည့်အရည်အချင်းစစ် စာမေးပွဲကို ဝင်ရောက်ဖြေဆိုရမည် ဖြစ်ပြီး တက္ကသိုလ်ဝင်ခွင့်ကို တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီမှ ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။

**၅။ ကျောင်းပြင်ပ ပညာရေး (Non-formal Education)**

1. တစ်ကြိမ်မျှကျောင်းမနေဘူးသည့် အသက် (၇) နှစ်ကျော်လူငယ်များ၊ မူလတန်းမပြီးဆုံးမီ ကျောင်းထွက်သွားကြသော လူငယ်များ၊ အလယ်တန်းမပြီးမီ ကျောင်းထွက်သွားကြသောလူငယ်များ၊ ဆယ်တန်းမအောင်ခဲ့သော ပညာတပိုင်းတစ လူငယ်များနှင့် ပညာရာမှီးလိုကြသော အရွယ်ရောက်ပြီးသူများအတွက် ပညာရေးကို ကျောင်းပြင်ပ ပညာရေးဖြင့် ဆောင်ရွက်မည်။
2. ဒေသအသီးသီးတွင် ရပ်မိရပ်ဖများ၊ ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် အုပ်ချုပ်ရေးပိုင်းမှ ပုဂ္ဂိုလ်များပါဝင်သော ကျောင်းပြင်ပ ပညာရေးကော်မတီကို ဒီမိုကရေစီနည်းကျ ဖွဲ့စည်း ဆောင်ရွက် မည်။
3. ကျောင်းပြင်ပ ပညာရေးကော်မတီသည် စစ်တမ်းများကောက်ယူခြင်း၊ ကျောင်းသားလက်ခံခြင်း၊ ဆရာ၊ ဆရာမ ခန့်ထားခြင်း၊ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း၊ သင်ကြားခြင်း၊ တတ်မြောက်မှုစစ်ဆေးခြင်းနှင့် ဘဏ္ဍာငွေရှာဖွေရေး တို့အတွက် တာဝန်ရှိသည်။
4. ကျောင်းပြင်ပ သင်ရိုးညွှန်းတမ်းသည် ကျောင်းသားများ အခြေခံပညာ၊ အဆင့်မြင့်ပညာတို့နှင့် ချိတ်ဆက်နိုင်ရန် အဆက်အစပ် ရှိရမည်။
5. ကျောင်းပြင်ပ ပညာရေးအတွက် ကုန်ကျစရိတ်ကို နိုင်ငံတော်ဘဏ္ဍာနှင့် ဒေသဆိုင်ရာထည့်ဝင်ငွေများဖြင့် ဆောင်ရွက်မည်။
6. ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် ပညာရှင်များပါဝင်သော လွတ်လပ်သည့် ကျောင်းပြင်ပ ပညာရေးကြီးကြပ်ရေးအဖွဲ့ ထားရှိမည်။
7. ဒေသအသီးသီးရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ကောလိပ်နှင့် တက္ကသိုလ်ကျောင်းများတွင် ကျောင်းချိန်ပြင်ပ နှင့် ကျောင်းပိတ်ရက်များတွင် ကျောင်းပြင်ပ ပညာသင်ကြားရေးဌာနများ ဖွင့်လှစ်မည်။
8. ကျောင်းပြင်ပ ပညာရေးကော်မတီမှ ကျောင်းသားလက်ခံခြင်း၊ ဆရာ ဆရာမခန့်ထားခြင်း၊ သင်ရိုးညွှန်းတမ်း ရေးဆွဲခြင်းတို့ကို ဆောင်ရွက်မည်။
9. အကျဉ်းထောင်တွင် ရောက်ရှိနေသည့် အကျဉ်းသားများပညာသင်ယူနိုင်ရန် ကျောင်းပြင်ပ ပညာရေးကြီးကြပ်ရေးအဖွဲ့မှ ဆောင်ရွက်မည်။
10. လူငယ်ပြုစုပျိုးထောင်ရေးကျောင်းများတွင်ရောက်ရှိနေသော လူငယ်များ၏ပညာရေးကိုလည်း ကျောင်းပြင်ပပညာရေးကြီးကြပ် ရေးအဖွဲ့မှ ဆောင်ရွက်မည်။
11. ကျောင်းပြင်ပ ပညာရေးကဏ္ဍတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဖောင်ဒေးရှင်းများလည်း ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်မည်။
12. အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်စေ၊ ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများမှဖြစ်စေ ဖွင့်လှစ်သော ကျောင်းပြင်ပ ပညာရေး ကျောင်းများကို ကျောင်းပြင်ပ ပညာရေးကော်မတီမှ အသိအမှတ်ပြုမည်။

13. ကျောင်းပြင်ပ ပညာရေးတက်ရောက်သူများသည် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းစာမေးပွဲများ ဝင်ရောက် ဖြေဆိုခွင့် ရှိသည်။
14. ကျောင်းပြင်ပ ပညာရေးဖြင့် အခြေခံပညာအထက်တန်း ပြီးဆုံးသူများသည် အဆင့်မြင့်ပညာ (တက္ကသိုလ်၊ ကောလိပ်နှင့် အသက်မွေးဝမ်းကြောင်းပညာ) ရပ်များ တက်ရောက်သင်ကြားခွင့်ရှိသည်။
15. ကျောင်းပြင်ပ ပညာရေးတွင် ဒေသဆိုင်ရာ စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သောအသက်မွေးဝမ်းကြောင်းပညာများ လည်း သင်ကြားပေးမည်။

## ၆။ ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိက တက္ကသိုလ်များ

1. ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိကတက္ကသိုလ်များ ကြီးကြပ်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသော ပညာရှင်များ ပါဝင်သည့် ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိကတက္ကသိုလ်များကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းမည်။
2. ဥပဒေအရ သတ်မှတ်သည့် အရည်အချင်းနှင့်ပြည့်မီသူများသည် ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိကတက္ကသိုလ်များ တည်ထောင် ဖွင့်လှစ်ရန်အတွက် ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိကတက္ကသိုလ်များ ကြီးကြပ်ရေးအဖွဲ့ထံတွင် လျှောက်ထားရမည်။
3. ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိကတက္ကသိုလ်ဖွဲ့စည်းပုံသည် အခြေခံပညာကျောင်းနှင့် အဆင့်မြင့်တက္ကသိုလ်၊ ကောလိပ် ဖွဲ့စည်းပုံ အတိုင်းဖြစ်သည်။
4. ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိကတက္ကသိုလ်သင်ရိုးညွှန်းတမ်းများကို အမျိုးသားပညာရေးမူဝါဒနှင့် အညီရေးဆွဲ၍ ပုဂ္ဂလိကကျောင်း နှင့် ပုဂ္ဂလိကတက္ကသိုလ်များ ကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက်ရရှိရမည်။
5. ပုဂ္ဂလိကကျောင်းများတွင် သင်ကြားမည့် ဆရာ၊ ဆရာမ များသည် ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်ထားသည့် ပညာရေးဆိုင်ရာ ပညာရှင်များပါဝင်သော ဆရာများကောင်စီမှ အသိအမှတ်ပြုသည့် "ဆရာ၊ ဆရာမ လုပ်ပိုင်ခွင့်လက်မှတ်" (Teacher License) ရရှိထားသူများ ဖြစ်ရမည်။ ပုဂ္ဂလိကတက္ကသိုလ်ဆရာ၊ ဆရာမများသည် အဆင့်မြင့် ပညာရေးကဏ္ဍတွင် ဖော်ပြထားသည့် အရည်အချင်းများနှင့်ကိုက်ညီရမည်။
6. ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိကတက္ကသိုလ်များ၏ အရည်အသွေးကို ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိကတက္ကသိုလ်များ ကြီးကြပ်ရေး အဖွဲ့မှ စစ်ဆေးမည်။
7. ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိကတက္ကသိုလ်များသည် စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ ကျောင်းသားများ၏ လိုအပ်ချက်အရ ပညာရေးရည်မှန်းချက်အတွက်သာ ဖွင့်လှစ်ခြင်းဖြစ်ရမည်။
8. ကျောင်းလခ နှုန်းထားသည် သက်ဆိုင်ရာကျောင်း၏ ဝန်ဆောင်မှုပမာဏအပေါ် မူတည်၍ ကွဲပြားနိုင်သော်လည်း ကျောင်းသား မိဘများနှင့် ညှိနှိုင်းတိုင်ပင်ပြီးမှသာ ကျောင်းလခသတ်မှတ်မည်။ ကျောင်းလခနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာရှိပါက ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိကတက္ကသိုလ်များကြီးကြပ်ရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးမည်။
9. ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိကတက္ကသိုလ် တက်ရောက်သည့် ကျောင်းသူ၊ ကျောင်းသားများသည် မည်သည့်အတန်း၊ အဆင့်မဆို နိုင်ငံပိုင်ကျောင်းနှင့်တက္ကသိုလ်များသို့ ပြောင်း၍ တက်ရောက်သင်ကြားပိုင်ခွင့် ရှိသည်။
10. ပုဂ္ဂလိကကျောင်းမှ အခြေခံပညာပြီးဆုံးသူများနှင့် ပုဂ္ဂလိကတက္ကသိုလ်မှ ဘွဲ့ရရှိသူများသည် နိုင်ငံပိုင်ကျောင်းနှင့် တက္ကသိုလ် များမှ ရရှိသော အောင်လက်မှတ် (သို့မဟုတ်) ဘွဲ့များနှင့် တန်းတူအဆင့်အတန်း ရှိသည်။
11. နိုင်ငံတကာ တက္ကသိုလ်များမှ ကျောင်းခွဲဖွင့်လှစ်လိုပါက ပုဂ္ဂလိက တက္ကသိုလ်များနည်းတူ လျှောက်ထား ဆောင်ရွက်ရမည်။
12. ကွန်ပျူတာ၊ အင်တာနက်အသုံးပြုသော သင်ကြားရေးစနစ် (on-line education) ကို ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်နိုင်ပြီး ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိကတက္ကသိုလ်များကြီးကြပ်ရေးအဖွဲ့ထံ လျှောက်ထားရမည်။

မှတ်ချက်။ ပညာရေးညီလာခံတွင် International School များအတွက် သီးခြားဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် တင်ပြသူများရှိပါသည်။

## ၇။ ဘုန်းတော်ကြီးသင် ကျောင်းများ

1. ဘုန်းတော်ကြီးသင်ကျောင်းများသည် မြန်မာနိုင်ငံ၏ပညာရေးသမိုင်းတွင် ပထမဦးစွာပေါ်ထွန်းလာခဲ့သည့် ကျောင်းများ ဖြစ်၍ ဤအစဉ် အလာကို အသိအမှတ်ပြုပြီး ပြည်သူ့လွှတ်တော်မှ ဘုန်းတော်ကြီးသင်ကျောင်း ဥပဒေကို အတည်ပြုပြဋ္ဌာန်း မည်။
2. ဘုန်းတော်ကြီးသင်ကျောင်းများ ကြီးကြပ်ရေးအဖွဲ့ကို ဘုန်းတော်ကြီးသင်ပညာရေး အတွေ့အကြုံရင့်ကျက်သည့် ဆရာတော်ကြီးများနှင့် ပညာရှင်များပါဝင်ဖွဲ့စည်းပြီး ပညာရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်မည်။
3. ဘုန်းတော်ကြီးသင်ကျောင်းများ၏ ဖွဲ့စည်းပုံသည် အခြေခံပညာကျောင်းများ၏ ဖွဲ့စည်းပုံအတိုင်းဖြစ်သည်။
4. ဘုန်းတော်ကြီးသင်ကျောင်းသင်ရိုးညွှန်းတမ်းကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းထားသည့် သင်ရိုးညွှန်းတမ်းလမ်းညွှန် ချက်နှင့်အညီ ရေးဆွဲပြီး ကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက်ကို ရယူရမည်။
5. ဘုန်းတော်ကြီးသင်ကျောင်းများတွင် သင်ကြားသည့် ဆရာ၊ ဆရာမများအား နိုင်ငံတော်မှဖွင့်လှစ်သည့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနည်းတူသတ်မှတ်သည့် အရည်အချင်းနှင့်ကိုက်ညီစေရန် နိုင်ငံတော်ဘဏ္ဍာဖြင့်ဆောင်ရွက်ပေးမည်။
6. ဘုန်းတော်ကြီးသင်ကျောင်းများ၏ အရည်အသွေးကို ဘုန်းတော်ကြီးသင်ကျောင်းများ ကြီးကြပ်ရေးအဖွဲ့မှ စစ်ဆေးအကဲဖြတ်မည်။
7. ဘုန်းတော်ကြီးသင် ကျောင်းများတွင် တက်ရောက်သည့် ကျောင်းသူ၊ ကျောင်းသားများသည် မည့်သည့်အတန်း၊ အဆင့်မဆို နိုင်ငံပိုင်ကျောင်းများသို့ပြောင်း၍ တက်ရောက်သင်ကြားပိုင်ခွင့် ရှိသည်။
8. ဘုန်းတော်ကြီးသင်ကျောင်းများမှ အခြေခံပညာပြီးဆုံးသူများသည် အဆင့်မြင့်ပညာ (တက္ကသိုလ်၊ ကောလိပ်နှင့် အသက်မွေးဝမ်း ကြောင်းပညာ) ရပ်များ တက်ရောက်သင်ကြားခွင့် ရှိသည်။
9. ဘုန်းတော်ကြီးသင်ကျောင်းများအတွက် ရံပုံငွေတစ်ရပ်ထူထောင်ထားရှိပြီး ဘုန်းတော်ကြီးသင်ကျောင်းများ ကြီးကြပ်ရေး အဖွဲ့မှ စီမံခန့်ခွဲမည်။

## ၈။ ဘာသာရေးအသင်းအဖွဲ့များမှ ဖွင့်လှစ်ထားသောကျောင်းများ

1. ဘာသာရေးအသင်းအဖွဲ့များမှ ဖွင့်လှစ်သည့်ကျောင်းဆိုသည်မှာ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ် ဘာသာ အစရှိသည့် ဘာသာရေးအသင်းအဖွဲ့များမှ (အခန်း (၇) တွင်ဖော်ပြထားသည့် ဘုန်းတော်ကြီးသင်ကျောင်းများမှလွဲ၍) ဖွင့်လှစ်သည့် ကျောင်းများကို ဆိုလိုသည်။ မှတ်ချက်။ ပရိယတ္တိစာသင်တိုက်၊ သီလရှင် စာသင်တိုက်၊ Theology Colleges and Universities နှင့် Mission Schools များလည်း အကြုံးဝင်သည်။
2. ဘာသာရေးအသင်းအဖွဲ့များမှ ဖွင့်လှစ်သည့် ကျောင်းများကြီးကြပ်ရေးအဖွဲ့ကို သက်ဆိုင်ရာဘာသာရေးခေါင်းဆောင်များနှင့် ပညာရှင်များဖြင့်ဖွဲ့စည်းပြီး ပညာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ကို ရယူရမည်။
3. အဆိုပါကျောင်းများတွင် သင်ကြားမည့် သင်ရိုးညွှန်းတမ်းသည် ကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက်ကို ရယူရမည်။
4. ကြီးကြပ်ရေးအဖွဲ့သည် ဘာသာရေးအသင်းအဖွဲ့များမှ ဖွင့်လှစ်သည့်ကျောင်းများတွင် သင်ကြားမည့် ဆရာ၊ ဆရာမများ၏ အရည်အချင်းနှင့် ပတ်သက်၍ စံများသတ်မှတ်မည်။
5. ဘာသာရေးအသင်းအဖွဲ့များမှ ဖွင့်လှစ်သည့် ကျောင်းများသည် လူတိုင်းလွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ကို လက်ခံ၍၊ အခြားဘာသာများအပေါ် ဝေဖန်တိုက်ခိုက်ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုမူခြင်းများ မရှိစေရ။
6. ဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်သည့်ကျောင်းများသည် အခြေခံပညာကျောင်းများဖွဲ့စည်းပုံအတိုင်း ဖွင့်လှစ်ပြီး သင်ရိုးညွှန်းတမ်းသည် အမျိုးသားပညာရေးမူဝါဒကို အခြေခံသော သင်ရိုးညွှန်းတမ်းလမ်းညွှန်ချက်နှင့် အညီ ရေးဆွဲပါက အဆိုပါ ကျောင်းမှ ကျောင်းသူကျောင်းသားများသည် နိုင်ငံပိုင်အခြေခံပညာကျောင်းများသို့ သက်ဆိုင်ရာ အတန်းအဆင့်အလိုက် ပြောင်းရွှေ့သင်ကြားပိုင်ခွင့်ရှိသည်။ အဆိုပါ ကျောင်းများတွင် သင်ကြားသည့် ဆရာ၊ ဆရာမများ၏ အရည်အသွေးသည် နိုင်ငံပိုင် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် အလားတူဖြစ်ရမည်။

7. အဆိုပါ အခြေခံပညာကျောင်းများနှင့် အလားတူဖွင့်လှစ်သော ကျောင်းများမှ အောင်မြင်သူများသည် အခြေခံပညာကျောင်းများ မှ အောင်မြင်သူများ၏ အဆင့်အတန်းနှင့်ညီမျှသည်။

8. ဘာသာရေးအဖွဲ့အစည်းများသည် တက္ကသိုလ်ဖွင့်လှစ်လိုပါက ပုဂ္ဂလိကတက္ကသိုလ်များဖွင့်လှစ်သည့် နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

မှတ်ချက်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတချို့က ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် ဓမ္မစရိယတန်းများတွင် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အခြား ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များ ထည့်သွင်းသင်ကြား၍ ပထမကြီးတန်းသည် အခြေခံပညာအထက်တန်းဆင့်နှင့်လည်းကောင်း၊ ဓမ္မစရိယတန်းသည် BA ဘွဲ့နှင့်လည်းကောင်း အဆင့်တူ သတ်မှတ်သင့်ကြောင်း တင်ပြသည်။ ပထမကြီးအောင်ပြီးပါက အဆင့်မြင့်ပညာ တက္ကသိုလ်၊ ကောလိပ်များသို့ လျှောက်ထားခွင့်ကိုလည်း တင်ပြကြသည်။

## ၉။ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖွင့်လှစ်သော အခမဲ့ပညာဒါနကျောင်းများ

1. အစိုးရမဟုတ်သော အဖွဲ့အစည်းမှဖွင့်လှစ်သည့်ကျောင်းဆိုသည်မှာ ရပ်ရွာလူမှုအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများနှင့် ပညာရေး ကွန်ရက်များမှ ဖွင့်လှစ်သည့် အခမဲ့သင်ကြားသည့် ပညာဒါနကျောင်းများကို ဆိုလိုသည်။
2. အဆိုပါ ပညာဒါနကျောင်းများ၏ ရပ်တည်ရေးအတွက် အကာအကွယ်ပေးမည့် ဥပဒေပြဋ္ဌာန်းရန် လိုအပ်သည်။
3. ပညာဒါနကျောင်းများ၏ အရည်အသွေးကို ပညာရှင်များပါဝင်သော ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် ပညာဒါန ကျောင်းများ ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ယူစီစစ်မည်။
4. ပညာဒါနကျောင်းများသည် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာသင်ကြားသည့် ကျောင်းများဖြစ်ပါက သင်ရိုးညွှန်းတမ်းသည် အမျိုးသားပညာရေးမူဝါဒကို အခြေခံသော သင်ရိုးညွှန်းတမ်းလမ်းညွှန်ချက်နှင့် အညီ ရေးဆွဲပြီး ပညာဒါန ကျောင်းများ ကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက် ရယူရမည်။
5. ပညာဒါနကျောင်းများတွင် သင်ကြားသည့် ဆရာ၊ ဆရာမများသည် နိုင်ငံတော်မှဖွင့်လှစ်သည့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနည်းတူ သတ်မှတ်သည့် အရည်အချင်းနှင့် ကိုက်ညီ ရမည်။
6. ပညာဒါနကျောင်းများ၏ အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတက်ရောက်သော ကျောင်းသား၊ ကျောင်းသူ များသည် နိုင်ငံတော်မှ ဖွင့်လှစ်သည့် ကျောင်းများသို့ ပြောင်းရွှေ့တက်ရောက်သင်ကြားပိုင်ခွင့် ရှိသည်။
7. ပညာဒါနကျောင်းများသည် ပညာရေးရည်မှန်းချက်အရ ဖွင့်လှစ်ခြင်းသာဖြစ်ပြီး နိုင်ငံရေးအရသော်လည်းကောင်း၊ ဘာသာရေး အရသော်လည်းကောင်း၊ ယဉ်ကျေးမှုအရသော်လည်းကောင်း ကျောင်းသား၊ ကျောင်းသူများအား စည်းရုံးသိမ်းသွင်း ခြင်းမပြုရ။
8. ပညာဒါနကျောင်းများအတွက် လိုအပ်သော ဘဏ္ဍာရေးကို သက်ဆိုင်ရာကျောင်းအုပ်ချုပ်ရေးကော်မတီမှတာဝန်ယူ ရှာဖွေ ရမည်။

## ၁၀။ ဆရာ၊ ဆရာမ များ၏ အခန်းကဏ္ဍ

1. ကလေးသူငယ်များ၏ရှေးဦးသင်ပညာရေး၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းသင်ကြားမည့် ဆရာ၊ ဆရာမများသည် သက်ဆိုင်ရာ အတန်းအဆင့်အတွက် ပြည်တွင်း၊ ပြည်ပရှိ အသိအမှတ်ပြုတက္ကသိုလ်များမှ ပညာရေးဆိုင်ရာ ဘွဲ့ရရှိပြီးသူများ ဖြစ်ရမည်။
2. ပထမဘွဲ့သည် ပညာရေးဘွဲ့မဟုတ်ပါက သက်ဆိုင်ရာ ပညာရေးအဆင့်အတွက် ဘွဲ့လွန်ဒီပလိုမာ တစ်နှစ်သင်တန်းပြီးဆုံး အောင်မြင်သူများ ဖြစ်ရမည်။
3. ဆရာ၊ ဆရာမ ခန့်ထားရေးတွင် သတ်မှတ်သည့်အရည်အချင်းနှင့်ကိုက်ညီသည့် ဒေသခံ ဆရာ၊ ဆရာမများကို ဦးစားပေး ခန့်အပ်မည်။
4. တက္ကသိုလ်နှင့် ကောလိပ်များတွင် ပညာရေးဘွဲ့နှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက် လျှောက်ထားသူများသည် မိမိ နှစ်သက်ရာ အတန်းအဆင့် (ကလေးသူငယ်များ၏ရှေးဦးသင်ပညာရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း) သို့ လျှောက်ထားပိုင်ခွင့် ရှိသည်။

5. ဆရာ၊ ဆရာမ အဖြစ်လျှောက်ထားသူအားလုံးသည် နိုင်ငံတော်မှ ခန့်အပ်သည့် ပညာရေးဆိုင်ရာ ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော ဆရာများကောင်စီ (Teacher Council) မှ ဆရာ၊ ဆရာမ လုပ်ပိုင်ခွင့်လက်မှတ် (Teacher Lincence) ရရှိပြီးသူများ ဖြစ်ရမည်။
6. ဆရာ၊ ဆရာမများသည် မိမိရွေးချယ်လျှောက်ထားသည့် အတန်းအဆင့်နှင့်ဘာသာရပ်များတွင် ကျွမ်းကျင်မှုရှိရမည် ဖြစ်ပြီး ကျောင်းသားများ၏ သင်ယူမှုကိုထိရောက်စေသော သင်ကြားခြင်းနှင့် စစ်ဆေးခြင်းနည်းလမ်းများကို လက်တွေ့ လုပ်ဆောင် ရမည်။
7. သင်ခန်းစာသင်ကြားချိန်တွင် ပျက်ကွက်၍ဖြစ်စေ၊ သင်ယူရာတွင် အခက်အခဲရှိ၍ဖြစ်စေ လိုအပ်ချက်ရှိသော ကျောင်းသူ ကျောင်းသားများအား ကျောင်းချိန်အတွင်း၌ဖြစ်စေ၊ အချိန်ပို ပေး၍ဖြစ်စေ ပြန်လည်သင်ကြားပေးရန် ဆရာ၊ ဆရာမများ တွင် တာဝန်ရှိသည်။
8. ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများထံမှ အခကြေးငွေယူ၍ ကျူရှင်ပြခြင်းများ မရှိစေရ။
9. ကလေးသူငယ်များ၏ရှေးဦးသင်ပညာ၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ဆရာ၊ ဆရာမများ၏ အခြေခံလစာသည် တန်းတူဖြစ်ပြီး၊ အဆိုပါလစာနှုန်းထားသည် အခြားအသက်မွေးဝမ်းကြောင်းဆိုင်ရာ ပုဂ္ဂိုလ်များ (ဆရာဝန်၊ အင်ဂျင်နီယာ၊ စစ်ဖက်ဆိုင်ရာ အရာရှိ စသည်တို့) ၏ လစာနှုန်းထားထက် မနိမ့်စေရ။ (မှတ်ချက်။ ကလေးသူငယ်များ၏ရှေးဦးသင်ပညာမှ ဆရာ၊ ဆရာမများနှင့် မူလတန်းဆရာ၊ ဆရာမများအား လစာပိုပေးရန် တင်ပြသူများ ရှိပါသည်။)
10. အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ကျောင်းအုပ်အဖြစ် တာဝန်ယူမည့် သူများ နှင့် ပညာရေးဆိုင်ရာ စီမံခန့်ခွဲမှုအဆင့်ဆင့်တွင် တာဝန်ယူမည့်သူများသည် သင်ကြားရေးအတွေ့အကြုံရှိပြီး ပညာရေး စီမံခန့်ခွဲမှု ဆိုင်ရာ ဘာသာရပ်ဖြင့် ဘွဲ့ရရှိထားသူများ ဖြစ်ရမည်။
11. တက္ကသိုလ်ကောလိပ်များတွင် သင်ကြားမည့် ဆရာ၊ ဆရာမများသည် သက်ဆိုင်ရာဘာသာရပ်တွင် အနိမ့်ဆုံး မဟာဘွဲ့ရရှိပြီး၊ သက်ဆိုင်ရာတက္ကသိုလ်မှ ပို့ချသည့် သင်ကြားရေးဆိုင်ရာသင်တန်းများ တက်ရောက်ပြီးသူများ ဖြစ်ရမည်။
12. တက္ကသိုလ်နှင့် ကောလိပ်များတွင် ဘာသာရပ်ဆိုင်ရာအကြီးအကဲနှင့် ပါမောက္ခများသည် သက်ဆိုင်ရာဘာသာရပ်တွင် ပါရဂူဘွဲ့ ရရှိပြီး သင်ကြားရေးအတွေ့အကြုံ ရှိပြီးသူများ ဖြစ်ရမည်။ ပညာရေးသုတေသနနှင့်စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံရှိသူလည်း ဖြစ်ရမည်။
13. တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် အခြေခံပညာကျောင်း အုပ်ချုပ်ရေးအဖွဲ့တို့သည် ဆရာ၊ ဆရာမများ၏ အရည်အသွေး မြင့်မားရေးကို ဆောင်ရွက်ရမည်။ ဆရာ၊ ဆရာမများအားလုံး မွမ်းမံသင်တန်းနှင့် ပညာရေးဆွေးနွေးပွဲများ နှစ်စဉ် တက်ရောက်ရမည်။ (မှတ်ချက်။ စာသင်နှစ်တစ်နှစ်အတွင်း ဆွေးနွေးပွဲနှင့် မွမ်းမံသင်တန်းတက်ရမည့် စုစုပေါင်း နာရီ သတ်မှတ်ရန် လိုအပ် သည်။)
14. တက္ကသိုလ်ဆရာ၊ ဆရာမများ၏ လစာနှုန်းထားကို သက်ဆိုင်ရာတက္ကသိုလ်၏ အုပ်ချုပ်ရေးကောင်စီမှ ချမှတ်မည်။
15. ဆရာ၊ ဆရာမများအားလုံးသည် ဆရာသမဂ္ဂနှင့် အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းပိုင်ခွင့် ရှိသည်။ နှစ်သက်ရာ နိုင်ငံရေး ပါတီသို့လည်း ဝင်ရောက်ခွင့်ရှိသည်။
16. ဆရာ၊ ဆရာမများကို ခန့်အပ်ရာတွင် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုမှအပ သတ်မှတ်သောပညာအရည်အချင်းနှင့် ကိုက်ညီပါက ခွဲခြားမှုမရှိစေရ။

## ၁၁။ ပညာရေးအထူးလိုအပ်ချက် (Special Educational Needs)

1. ပညာရေးအထူးလိုအပ်ချက်ဆိုသည်မှာ ခန္ဓာကိုယ်အရသော်လည်းကောင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုအရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုအရသော်လည်းကောင်း၊ လူမှုရေးဆိုင်ရာ ခံစားချက်များကြောင့်သော်လည်းကောင်း၊ ဆက်သွယ်ပြောဆိုမှုဆိုင်ရာ အခက်အခဲများကြောင့်သော်လည်းကောင်း၊ အခြားလိုအပ်ချက်များအရသော်လည်းကောင်း၊ ပညာသင်ယူရန် အခက်အခဲရှိ နေသည့် ကလေးများအတွက် လိုအပ်သော ပညာရေးဖြစ်သည်။

2. အထူးလိုအပ်ချက်ရှိသော ကလေးများကို ခွဲခြားခြင်းမရှိဘဲ အခြားကျောင်းသူ၊ ကျောင်းသားများနှင့် အတူတကွ သင်ကြားပိုင်ခွင့် (Inclusive Education) ရှိသည်။
3. ပညာရေးအထူးလိုအပ်ချက်ရှိသူများအတွက် ပညာသင်ကြားရာတွင် အထူးပံ့ပိုးရမည့်သင်ကြားရေးဆိုင်ရာ နည်းစနစ်များနှင့် ပစ္စည်းကိရိယာများ (ဥပမာ - အမြင်အာရုံ ချို့တဲ့သူများ၏စာ (Braille)၊ အကြားအာရုံချို့တဲ့သူများ၏ ဘာသာစကား (Sign Language) နှင့် အခြားသင်ထောက်ကူပစ္စည်း စသည်...) အခမဲ့ပံ့ပိုးမည်။
4. မသန်စွမ်းသူများအတွက် အထူးပံ့ပိုးရန်လိုအပ်သည့် နည်းပညာဆိုင်ရာ ကျောင်းများကို ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ဖွင့်လှစ်မည်။ (ဥပမာ - အမြင်အာရုံနှင့်အကြားအာရုံ ချို့တဲ့သူများအတွက်ကျောင်းများ၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းသူများအတွက် ကျောင်းများ စသည်...)
5. ပညာရေးအထူးလိုအပ်ချက်အတွက် ကျွမ်းကျင်သော ဆရာ၊ ဆရာမများကို လေ့ကျင့်ခန့်ထားမည်။
6. ဆရာအတတ်ပညာသင် တက္ကသိုလ်၊ ကောလိပ်များတွင် ပညာရေးအထူးလိုအပ်ချက် (Special Educational Needs) ဘာသာရပ်ကို ထည့်သွင်း သင်ကြားမည်။
7. အရည်အသွေးရှိသော ပညာရေးကို အခြားကလေးများနည်းတူ အခွင့်အရေးနှင့် အခြားပညာရေးအခွင့်အလမ်းများအားလုံးကို တန်းတူ အပြည့်အဝ ခံစားရမည်။
8. ပညာရေးဝန်ကြီးဌာနတွင် အထူးလိုအပ်ချက်ရှိသော ကျောင်းသူ၊ ကျောင်းသားများအတွက်ဆောင်ရွက်ရန် ပညာရေးဌာန (Special Education Department) သီးသန့်ထားရှိမည်။
9. မသန်စွမ်းသူများသည် နိုင်ငံတော်မှဖွင့်လှစ်ထားသော မည်သည့်ကျောင်းကို မဆို တက်ရောက်သင်ယူခွင့်ရှိသည်။
10. မသန်စွမ်းသူများ၏ပညာရေးကို လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးတွဲဆောင်ရွက်မည်။
11. ပညာရေးတွင် အထူးလိုအပ်ချက်ရှိသော ကလေးများအတွက် ကျောင်းများကို ပုဂ္ဂလိကမှဖြစ်စေ၊ လူမှုအဖွဲ့အစည်းများမှ ဖြစ်စေ၊ ဘာသာရေးအဖွဲ့အစည်းများမှဖြစ်စေ လွတ်လပ်စွာ စီမံခန့်ခွဲဖွင့်လှစ်ခြင်းကို ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြု မည်။
12. ပညာရေးတွင် အထူးလိုအပ်ချက်ရှိသော သူများအတွက်ဖွင့်လှစ်ထားသော အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသည့် ကျောင်းများကို နိုင်ငံတော် ပညာရေးအသုံးစရိတ်မှ ရာခိုင်နှုန်းသတ်မှတ်၍ ပံ့ပိုးပေးမည်။
13. မသန်စွမ်းသူများသည် တက္ကသိုလ်၊ ကောလိပ်များတွင် အဆင့်မြင့်ပညာရပ်များ လေ့လာသင်ယူနိုင်ပြီး အလုပ်အကိုင်အခွင့် အလမ်းများရရှိအောင် ဦးစားပေးဆောင်ရွက်မည်။
14. မသန်စွမ်းသူများသည် အခြေခံပညာမှ အဆင့်မြင့်ပညာထိ အခမဲ့ပညာသင်ကြားခွင့်ရှိမည်။

**<u>၁၂။ တိုင်းရင်းသားဘာသာစကား သင်ကြားရေး</u>**

1. မြန်မာနိုင်ငံတွင်အစဉ်အဆက်နေထိုင်ခဲ့ကြသည့် ဗမာလူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုများ ထိန်းသိမ်းပြန့်ပွားနိုင်ရေးအတွက် တိုင်းရင်းသားဘာသာစကားများကို တိုင်းရင်းသားများ နေထိုင်ရာ ဒေသများ တွင် ကျောင်းသုံး ဘာသာစကားအဖြစ် အသုံးပြုမည်။
2. မြန်မာနိုင်ငံဒေသအသီးသီးရှိ မူလတန်းကျောင်းများတွင် ဘာသာစကားသုံးမျိုး (မိခင်ဘာသာစကား၊ ဗမာဘာသာစကား နှင့် အင်္ဂလိပ် ဘာသာစကား) သင်ကြားမည်။
3. ဒေသအသီးသီးတွင် မူလတန်းအဆင့်အားလုံး၌ ဒေသအလိုက် အများသဘောတူဆုံးဖြတ်သည့် တိုင်းရင်းသားဘာသာစကားကို ကျောင်းသုံး ဘာသာစကားအဖြစ် အသုံးပြုမည်။ တိုင်းရင်းသားဘာသာ တစ်ခုထက်မကရှိသောဒေသများတွင် သက်ဆိုင်ရာကျောင်းတည်ရှိ ရာ ဒေသတွင်နေထိုင်သည့် ဌာနေတိုင်းရင်းသားဘာသာစကားကို ကျောင်းသုံးဘာသာအဖြစ် အသုံးပြုမည်။ ကျောင်းအုပ်ချုပ် ရေးအဖွဲ့မှ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။
4. ဗမာစကားမဟုတ်သည့် အခြားတိုင်းရင်းသားဘာသာများကို ကျောင်းသုံးဘာသာအဖြစ်အသုံးပြုသည့် ကျောင်းများတွင် ဗမာစာကို ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားမည်။ အင်္ဂလိပ်စာကိုလည်း ဘာသာရပ်တစ်ခု အဖြစ် သင်ကြားမည်။ ဗမာစာနှင့် အင်္ဂလိပ်စာ သင်ကြားရာတွင် မိခင်ဘာသာစကားသင်ကြားနည်းမဟုတ်သော ဒုတိယဘာသာစကားသင်ကြားနည်းကို အသုံးပြုမည်။

5. ဗမာစကားကို ကျောင်းသုံးဘာသာစကားအဖြစ် အသုံးပြုသောကျောင်းများတွင် အခြားတိုင်းရင်းသားဘာသာစကား တစ်ခုခုကို ရွေးချယ်၍ ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားမည်။
6. အလယ်တန်းအဆင့်တွင် ဗမာစကားသည် မိခင်စကားမဟုတ်သော တိုင်းရင်းသားဒေသကျောင်းများတွင် ဗမာဘာသာစကား နှင့် တိုင်းရင်းသားဘာသာစကား (၂) မျိုး (bi-lingual) အသုံးပြုမည်။
7. တိုင်းရင်းသားဘာသာစကားသင်ကြားရာတွင် အသုံးပြုမည့်ဖတ်စာအုပ်များကို သက်ဆိုင်ရာတိုင်းရင်းသား ပညာရှင်များကိုယ်တိုင် လွတ်လပ်စွာ ရေးသားမည်။
8. တိုင်းရင်းသားဘာသာစကားကိုသင်ကြားမည့် ဆရာ၊ ဆရာမများကို လေ့ကျင့်မွေးထုတ်ရန် ဦးစားပေးဆောင် ရွက်မည်။ တိုင်းရင်းသားဘာသာ ဒီပလိုမာဘွဲ့ရသည်အထိ လေ့ကျင့်သင်ကြားမည်။ နိုင်ငံတော် ဘဏ္ဍာမှ ကုန်ကျ ခံမည်။
9. ဒေသသုံး ဘာသာစကားများကို သင်ကြားမည့် ဆရာ၊ ဆရာမများ (ဘုန်းတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ အပါ အဝင်) ကို ခန့်အပ်ရာတွင် ဒေသခံကို အထူးဦးစားပေး လေ့ကျင့် ခန့်အပ်မည်။
10. တက္ကသိုလ်အသီးသီး၏ ဘာသာစကားဌာနများတွင် တိုင်းရင်းသားဘာသာစကားများ လေ့လာခြင်းဘာသာရပ်ဖြင့် ဘွဲ့ယူနိုင်သည့် အစီအစဉ်များ ထည့်သွင်းမည်။
11. စာပေအရေးအသားမရှိသေးသော လူမျိုးနွယ်စုများကို စာပေအရေးအသားပေါ်ထွန်းလာရန် ကူညီပံ့ပိုးပေးမည်။

မှတ်ချက်။ ပညာရေးညီလာခံတွင် မြန်မာနိုင်ငံအတွင်း နေထိုင်သည့် လူနည်းစုတိုင်းရင်းသားများဖြစ်သော 'ဝ'၊ ပလောင်၊ ပအို့ဝ်နှင့် ဆလုံ လူမျိုးနွယ်စုများ၏ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပြီး သူတို့၏ ဘာသာစကားနှင့် စာပေများ ထိန်းသိမ်းကာကွယ်ပေးရန် တင်ပြကြပါသည်။

**<u>၁၃။ စစ်ပြေးဒုက္ခသည်နှင့် ရွှေ့ပြောင်းကလေးများ၏ ပညာရေး</u>**

1. စစ်ပြေးဒုက္ခသည်နှင့်ရွှေ့ပြောင်းကလေးများ၏ ပညာရေးဆိုသည်မှာ စစ်ဘေးဒုက္ခသည်များနေထိုင်ရာဒေသ၊ ရွှေ့ပြောင်းနေထိုင် သူများနေထိုင်ရာဒေသနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများမှ ကလေးများနှင့်အရွယ်ရောက်ပြီးသူများ၏ ပညာသင်ကြားရေးကို ဆိုလို သည်။
2. မြန်မာနိုင်ငံ၊ ရွှေ့ပြောင်းနေထိုင်ရာနိုင်ငံ၊ အာဆီယံနိုင်ငံများအပါအဝင် ဒေသတွင်းနိုင်ငံများမှ အသိအမှတ်ပြုသော အဆင့် အတန်းနှင့်ညီသည့် ပညာရေးကို ဖော်ဆောင်မည်။
3. မြန်မာနိုင်ငံ၏ပညာရေးပြုပြင်ပြောင်းလဲမှုကဏ္ဍတွင် စစ်ပြေးဒုက္ခသည်၊ ရွှေ့ပြောင်းနှင့် ပဋိပက္ခဒေသများအတွက် ပညာရေး ကော်မတီတစ်ရပ်ကို ပညာရှင်များ၊ အစိုးရတာဝန်ရှိသူများနှင့် အတွေ့အကြုံရှိသူများ ပါဝင်ဖွဲ့စည်းမည်။
4. စစ်ပြေးဒုက္ခသည်နှင့် ရွှေ့ပြောင်းကလေးများပညာရေးအတွက် ဒေသဆိုင်ရာ ပညာရေးအဖွဲ့အစည်းများ၊ ပညာရေးနှင့် ဆက်နွယ်သောအဖွဲ့အစည်းများ၊ ရွှေ့ပြောင်းသူများရောက်ရှိနေထိုင်ရာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံ ပညာရေးဌာနတို့ဆက်သွယ်ပူးပေါင်း ဆောင်ရွက်မည်။
5. စစ်ပြေးဒုက္ခသည်နှင့် ရွှေ့ပြောင်းကလေးများအတွက် သင်ရိုးညွှန်းတမ်းသည် မြန်မာနိုင်ငံ၏ အမျိုးသားပညာရေးမူဝါဒနှင့် သော်လည်းကောင်း၊ ကလေးများနေထိုင်ရာ နိုင်ငံ၏ ပညာရေးစနစ်များနှင့်သော်လည်းကောင်း အဆက်အစပ်ရှိရမည်။
6. သင်ရိုးညွှန်းတမ်းကိုသက်ဆိုင်ရာကျောင်းအလိုက် (သို့မဟုတ်) ကျောင်းအစုလိုက်ရေးဆွဲနိုင်ပြီး စစ်ပြေးဒုက္ခသည်နှင့်ရွှေ့ပြောင်း ကလေးများဆိုင်ရာ ပညာရေးကော်မတီ၏ အတည်ပြုချက်ရယူရမည်။
7. စစ်ဘေးကြောင့်ပျက်စီးသွားသောကျောင်းများကို ပြန်လည်တည်ဆောက်ပေးမည်။
8. ပြည်တွင်းစစ်များကြောင့် သီးခြားဖွင့်လှစ်ထားသောကျောင်းများ (ဥပမာ- မွန်အမျိုးသားကျောင်းများ၊ ကချင်အမျိုးသား ကျောင်းများ၊ စသည် …) နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများကို နိုင်ငံတော်မှ တရားဝင် အသိအမှတ်ပြုသည်။
9. အထက်အပိုဒ်ပါကျောင်းများမှ ဆရာ၊ ဆရာမများအား နိုင်ငံတော်မှဖွင့်လှစ်သည့်အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ နည်းတူ သတ်မှတ်သည့် အရည်အချင်းနှင့်ကိုက်ညီစေရန် နိုင်ငံတော်ဘဏ္ဍာဖြင့် ဆောင်ရွက်ပေးမည်။

10. စစ်ပြေးဒုက္ခသည်နှင့် ရွှေ့ပြောင်းကလေးများ ပြည်တွင်းသို့ပြန်လည်ရောက်ရှိလာပါက ပညာဆက်လက်သင်ယူပိုင်ခွင့်ရှိသည်။
11. အဆိုပါကျောင်းသူ၊ ကျောင်းသားများအား ကျောင်းဝင်ခွင့် စာမေးပွဲကျင်းပ၍ အသက်အရွယ်၊ အရည်အချင်းနှင့် ကိုက်ညီသည့် အတန်းအဆင့်တွင် တက်ရောက်ခွင့်ပြုမည်။
12. အဆိုပါကျောင်းသူ၊ ကျောင်းသားများသည် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အဆင့်မြင့် ပညာ ဘာသာရပ်များ သင်ကြားပိုင်ခွင့်ရှိသည်။

<u>ဆက်သွယ်ရန်</u>

| | |
|---|---|
| ဒေါက်တာ သိန်းလွင် | ဖုန်း - ၀၉ ၇၃၂၅၅၅၆၃ |
| ဦးစိုးထွန်း | ဖုန်း - ၀၉ ၇၃၄၉၄၃၆၇ |
| ဦးရဲဝင်း | ဖုန်း - ၀၉ ၇၃၀၃၇၀၇၇ |
| ဦးဂိစာရ | ဖုန်း - ၀၉ ၄၀၂၆၂၇၄၃၄ |
| ဒေါ်သူသူမာ | ဖုန်း - ၀၉ ၅၀၀၅၅၂၂ |
| ဒေါ်ဟောင်းစိုင်း | ဖုန်း - ၀၉ ၄၄၉၂၅၂၇၉၂ |

ပညာရေးညီလာခံ ကျင်းပရေးကော်မတီ (ကိုယ်စား)
ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက်

၁၈ ဇွန်လ ၂၀၁၃